## လှိုင်းကြောဖြူ (လားရှိုး)

မြက်ဖျားနှင်းရဲ့

# သို့တေးသံ

အချစ်လုံးချင်း ဝတ္ထုသစ်

(လင်းမယားပင် ဖြစ်လင့်ကစား ဇနီးမယား၏ အလိုတူညီမှုမရှိလျှင် အချင်းအမူသည် မုဒိမ်းမှုမြောက်သည် မဟုတ်တုံလော။

လက်တွေ့တွင် မူ မင်းမဲ့တိုင်းပြည် မဟုတ်ဘူး ဆိုသော်ငြား ကိုယ့်အိမ်တွင်းရေး ပဋိပက္ခအား ဘယ်သူက ရုံးရောက်ဂတ်ရောက် အဖြစ်ခံချင်မည်နည်း။ ဤနည်းအားဖြင့် အိမ်တွင်း အကြမ်းဖက်ခံရမှုများ များ စွာ ပေါ်ပေါက်ခဲ့လေရာ နှင်းတို့ အိမ်သည် လည်း တစ်အိမ်အပါအဝင်။)

**မြက်ဖျားနှင်း**

## အခန်း (၁)

ကားဂိတ်တွင် ခရီးသည် ခေါ်ယူသံများ ၊ ဈေးသည် များ ၏ ဈေးရောင်းသံများ ၊ ခရီးသည် တို့ ၏ အော်ဟစ်စကားသံများ ဖြင့် ဆူညံဝေဆီလျက် ရှိသည် ။

"သူတစ်ယောက်တည်း အားငယ်နေမှာ ပေါ့ ကိုညို့ရာ...သူ့ကိုကောငါတို့ နားမှာ ခေါ်ထားလိုက်တာ ကောင်းမယ်ထင်တယ်။ မဟုတ်ရင် တခြားသူတွေနဲ့ ရောယောင်ပါသွားမှာ ဖြင့်"

"အောင်ဒင်...မင်း ပါးစပ်ပိတ်ထားရင် ကောင်းမယ်ထင်တယ်။ ဒီနေ

ရာကနေ သူရှိတဲ့ နေရာနဲ့ ဘယ်လောက်မှ ဝေးတာ မဟုတ်ဘူး ။ သူ့သဘော သူ့ဆန္ဒ မပါဘဲ ဘယ်သူမှ သူ့ကို ချီမသွားလို့ မရဘူး"

"မင်းကလည်း စိတ်လေး နည်းနည်းလျှော့ပါ။ သူ့ခမျာ မင်း မျက်နှာ အရိပ်အကဲကြည့်ပြီး နေရရှာတာ။ မင်းမျက်နှာ ဒီလောက်ထိ စူပုပ်ခက်ထန်နေမှ တော့ သူ ဘယ်လိုလုပ် ဒီနားမှာ လာထိုင်ရဲပါ့မလဲ"

အောင်ဒင်မှာ သူတို့ နှင့် မလှမ်းမကမ်းတွင် ထိုင်နေသော မိန်းကလေးအား ကြည့်၍ ပြောနေခြင်းဖြစ်သည် ။

သူငယ်ချင်း လက်ထပ်လိုက်သော မိန်းကလေးဖြစ်ပေမယ့် နာမည် ဘယ်သူဘယ်ဝါရယ်လို့ မသိရသေးပါ။ ကောင်မလေးထံမှ သူငယ်ချင်းဖြစ်သူ 'ညို့တေးသံ' အား မည်သည့်နာမ်စားကိုမှ သုံး၍ ခေါ်ဝေါ်ပြောဆိုခြင်း မရှိသလို ညို့ထံမှ လည်း 'ဟေ့'၊ 'ဟိတ်'၊ 'ဟိုတစ်ယောက်' စသဖြင့် အာလုပ်စကားဖြင့်သာ သုံးစွဲပြီး လက်ထပ်ထားသည့် ဇနီးဖြစ်သူအား ယုယသည့် 'အချစ်ရေ'၊ 'သဲရေ' စသည့်ခေါ်သံများကို မကြားရပါ။

ထူးဆန်းသည် ။

သိပ်ကို ထူးဆန်းလွန်းလှသည် ။

ဤဖြစ်ရပ်အား ဂန်းနစ်မှတ်တမ်းတွင် တောင် မှတ်တမ်းတင်ထားဖို့ ကောင်း၏။

အဘယ်ကြောင့် ဆိုသော် 'ညို့တေးသံ' သည် သူနှင့်ကျောင်းအတူတူ တက်ခဲ့၊ သွားခဲ့လာခဲ့ကြသဖြင့် တတွဲတွဲ တွဲခဲ့ကြသည့် သူငယ်ချင်းများ ဖြစ်သည် ။

'ညို့'အကြောင်း သူ ကောင်းကောင်း သိသည် ။ 'ညို့တေးသံ' သည်

မိန်းမတွေကို စိတ်ဝင်စားရကောင်းမှန်းမသိသော သူတစ်ယောက် ဖြစ်၏။

မိန်းမတိုင်း စိတ်ဝင်စားလောက်သည့်ရုပ်ရည် ညို့တွင် ရှိသည် ။

အသားခပ်လတ်လတ်၊ လူက ပိန်သွယ်သွယ်နှင့် အရပ်က ခပ်မြင့်မြင့် ၊ မျက်နှာအနေအထားက အနောက်တိုင်းဆန်သည် ။

လေးထောင့်ဆန်သော မျက်နှာတွင် နှာခေါင်းရိုးက ခပ်မြင့်မြင့်၊ မျက်တွင်းက နက်၍ ပါးရိုးက သိသာသည် ။ မျက်တွင်းနက်ရသည့်အကြောင်းရင်းမှာ ညို့သည် မျက်မှန်သမားဖြစ်သည် ။

ရွှေကိုင်းတပ် မျက်မှန်အကြည်နှင့် ညို့ပုံစံက ကိုရီးယားမင်းသားလောက်ကတော့ သနားသည် လို့ ပြောချင်သေးသည် ။

အားကစားတွင် ထူးချွန်၍ ကျောင်းစာတွင် လည်း နောက်မကျသူ။ ဆယ်တန်းကို ဂုဏ်ထူးကောင်းကောင်း ဖြင့် အောင်မြင်ခဲ့ကြသူများ ဖြစ်သော်လည်း ယနေ့ခေတ်ကာလတွင် ရေပန်းစားနေသော ဆေး၊ စက်မှု၊ ကွန်ပျူတာ စသည့်လိုင်းများကို သူတို့ မရွေးချယ်ခဲ့ပါ။

မန္တလေးတက္ကသိုလ် (မိန်း) ထဲတွင် ပင် ထူးချွန်ကျောင်းသားများအဖြစ် ဓာတုဗေဒမေဂျာကို ယူခဲ့ကြခြင်းဖြစ်သည် ။

သူက သူ့အတွေးနှင့်သူ ဘူမိဗေဒကို ယူခဲ့ခြင်းဖြစ်ပြီး ‘ညို့’ကိုတော့ ဘာကြောင့် ဘူမိဗေဒဘွဲ့ ယူရသနည်းဟု စပ်စုခဲ့ဖူးသည် ။

နှစ်သက်လို့ ဆိုသည့် အဖြေကလွဲ၍ ဒီကောင်ဆီက ရေရာသေချာခိုင်လုံသည့်အဖြေ မရခဲ့ပါ။ ဒါတင်မဟုတ်။ ညို့သည် အစစအရာရာတွင် လျှို့ဝှက်တတ်သောသူ ဖြစ်သည် ။

ကျောင်းပြီး၍ သူက အလုပ်ဝင်ခဲ့သော်လည်း ညို့ကတော့ ဘယ်အလုပ်မှ မဝင်။ ဘယ်အလုပ်မှ မဝင်သောကြောင့် အစစအရာရာ၌ ချို့တဲ့နေလိမ့်မည် မထင်နှင့်။ ညို့တွင် ပဒေသာတစ်ပင်စိုက်ထားသလို အစစအရာရာ အဆင်ပြေသည် ။

တစ်နေကုန် ဒီတီဆိုင်ကယ်မြင့်ကြီးနှင့် မန္တလေး၊ စစ်ကိုင်း၊ အင်းဝ၊ တံတားဦး မုံရွာသို့ လျှောက်ပတ်နေသည် ။ ပြင်ဦးလွင်လည်း မချန်။

"မင်း ဒီလောက်ထိလျှောက်သွားနေတာ ဘာကိစ္စတွေများအရေးကြီးနေလဲ"

ဒီကောင် စပ်စုတာမကြိုက်သည့်ကြားမှ မေးဖြစ်အောင် မေးမိသေးသည် ။

သို့သော် နိုးပါ။

ဒီလောက်ထိ ထူးခြားဆန်းကြယ်သော သူငယ်ချင်းက မနေ့နေ့လယ်တုန်းက သူ့ဆီသို့ရောက်လာခဲ့သည် ။ အလုပ်ပိတ်ရက် တနင်္ဂနွေနေ့မို့ သူ အိမ်မှာ ရှိနေသည့်အချိန် ဖြစ်သည် ။

သူ့အိမ်သို့ ညို့ ရောက်လာပုံက ခါတိုင်းကဲ့သို့ ဒီတီဆိုင်ကယ်နှင့်ဖြစ်သော်လည်း ယခင်ကကဲ့သို့ တစ်ကိုယ်တော်ရွက်လွှင့်ခြင်းမျိုးနှင့်မဟုတ်။

သူ့ဆိုင်ကယ်နောက်တွင် သူတို့ ထက် လေးငါးနှစ်ခန့် ငယ်သောကောင်မလေးတစ်ယောက် ပါလာခဲ့သေးသည် ။

ထိုကောင်မလေးကို သူ တစ်ခါမှ မမြင်ဖူးခဲ့ပါ။ ပခုံးမရောက်တရောက် ဆံပင်ကို ကျောဘက်တွင် စုစည်းထားသည့် မိန်းကလေးပုံစံမှာ နှင်းပွင့်လေးတစ်ပွင့်ကဲ့သို့ ဖြူနုဝင်းစက်နေသည် ။ ပိန်ပိန်သွယ်သွယ်ဖြစ်သည် ။

"သူ ဘယ်သူလဲ…ညို့"

အိမ်နောက်ဘက်သို့ ရေသွားသောက်တော့လည်း တစ်ယောက်တည်း ခပ်တည်တည်။ ကောင်မလေးက သူ့ကို မရဲတရဲ ပြုံးပြကာ ငြိမ်ငြိမ်သက်သက် ဧည့်ခန်းထဲတွင် ထိုင်လျက်ရှိသည် ။

အောင်ဒင် စပ်စုချင်စိတ်တို့ ကြောင့် ညို့ရှိရာရာ နောက်ဖေးသို့ ခပ်သွက်သွက် လိုက်လာကာ…

"ဟေ့ကောင်…ညို့"

"ဘာလဲ"

"သူ ဘယ်သူလဲ"

ရှေ့ခန်းဘက်သို့ မေးငေါ့ပြပြီး ခပ်တိုးတိုးမေးတော့ ရေကို မော့သောက်နေသည့် ညို့က သူ့ကိုမကြည့်ဘဲ ရေကို ပြီးဆုံးအောင်သောက်ပြီး…

"ခိုးလာတာ"

"ဘာ"

"ဟ…ဒီလောက်အံ့ဩစရာ ဘာပါလို့ 'ဘာ'နေရတာလဲကွာ။ မင်းပုံစံကလည်း မျက်လုံးပြူး…မျက်ဆန်ပြူးနဲ့ သရဲသဘက် တွေ့တဲ့ ပုံစံဖြစ်မနေနဲ့ ။ သူ့ကို ငါခိုးလာတာ"

"ခိုးလာတာ"

ညို့၏ စကားကို အောင်ဒင် သံယောင်လိုက်ရင်း ပြင်ပသို့ လှမ်းကြည့်လိုက်သည် ။ နေ့လယ်ခင်းကြောင်တောင်တွင် မိန်းမခိုးလာသည် ဆိုသောသူကို မမြင်ဖူးသလို ကြည့်လိုက်သည် ။

"ဘာစားစရာရှိလဲ…ငါ နေ့လယ်စာ မစားရသေးဘူး"

ထမင်းစား စားပွဲဝိုင်းရှိရာသို့ လျှောက်သွားရင်း မေးသည် ။

သူ ညို့နောက်ဘက်သို့ ကပ်လိုက်ရပြန်သည် ။

ညို့သည် အုပ်ဆောင်းကိုလှပ်ကာ...

"ဟာ...ဟင်းတွေရှိပါလား...အတော်ပဲ၊ ငါ ထမင်းစားဦးမယ်"

"ညို့...မင်း ဘာတွေလုပ်နေသလဲဆိုတာ ငါ နားမလည်တော့ဘူး။ မင်း ဘာတွေစတန့်ထွင်လာတာလဲ။ ရှေ့က ကောင်မလေးက ဘယ်သူလဲ။ မင်း တကယ်ခိုးလာတာလား။ မင်းမှာ ရည်းစားရှိတယ်လို့ ငါဖြင့် တစ်ခါမှ မကြားဖူးပါဘူး။ အခုလည်း မင်းက သူ့ကို ရှေ့မှာ ထားပြီး ဒီမှာ အေးဆေး ထမင်းလာစားနိုင်သေးတယ်နော်။ ငါ သူ့ကို သွားခေါ်လိုက်မယ်"

အောင်ဒင် မေးခွန်းတွေ ဆက်တိုက်မေးရင်း ရှေ့ဘက်သို့ ထွက်ဖို့ ပြင်တော့ ညို့က လှမ်းတားကာ...

"အောင်ဒင်...မင်း လူမှုရေး မကျေညက်တတ်ဘဲနဲ့ သောက်ပိုတွေ လုပ်မနေနဲ့ ။ အခုလောလောဆယ် ဗိုက်ဆာနေတဲ့ သူက သူ မဟုတ်ဘူး ...ငါနော်။ သူ စားပြီးရင် စားပြီးမှာ ပေါ့။ ငါကတော့ ခုထက်ထိ မစားရသေးတာ အမှန်ပဲ"

"သူ စားပြီးရင် စားပြီးမှာ ပေါ့...ဟုတ်လား"

အောင်ဒင် သံယောင်လိုက်မိပြန်သည် ။

ညို့က ပန်းကန်စင်မှ ပန်းကန်တစ်ချပ်ကို ဆွဲယူပြီး ထမင်းခူးသည် ။ ပြီးတော့ ထမင်းစားပွဲဝိုင်းရှေ့တွင် ဝင်ထိုင်ကာ

"ဒီနေ့က တနင်္ဂနွေဆိုတော့ ဘာမှ လုပ်လို့ ရမှာမဟုတ်ဘူး ။ မနက်ဖြန် သူနဲ့ ငါ တရားရုံးမှာ လက်မှတ်သွားထိုးမယ်။ မင်းဘက်က မ

င်းရဲ့ အသိ (၂)ယောက်၊ (၃)ယောက်လောက် ခေါ်ပေး၊ သက်သေလုပ် ပေးဖို့ ဖြစ်နိုင်မယ်ဆိုရင် မင်း အလုပ်က ခွင့်ယူလိုက်"

"နေ...နေပါဦး...သူက ဘယ်သူလဲ"

"ငါလည်း မသိဘူး"

"ဟာ...ညို့...မင်း ရူးနေတာလား။ ဒါမှ မဟုတ် ငါ့အံ့သြပြီး သေအောင် တစ်ခုပြီးတစ်ခု လုပ်နေတာလား...လာနောက်နေတာလား။"

"ရှင်းရှင်းပြောမယ်၊ မင်း ထင်တာတွေ တစ်ခုမှ မဟုတ်ဘူး ။ ဒီမှာ အောင်ဒင်...ငါ ဘာလုပ်တယ်ဆိုတာ ငါနဲ့ သူကလွဲရင် ဘယ်သူမှ မသိဘူး။ သိအောင်လည်း ငါ မင်းကို ပြောပြမှာ မဟုတ်ဘူး ။ မင်း ငါ့ကို လုပ်ပေးရမှာ က စောစောတုန်းက ငါပြောတဲ့ အစီအစဉ်ပဲ"

နောက်ထပ် အမေးစကားထွက်မလာအောင် ဒီကောင်က ပြတ်ပြတ်ပြောတော့ အောင်ဒင်မှာ ဘာမှ ထပ်မေး၍ မရတော့ပေ။

နောက်ရက် တနင်္လာနေ့သို့ရောက်သောအခါ ဒီကောင်စီစဉ်ခိုင်းသည့်အတိုင်း စီစဉ်ပေးလိုက်သည် ။ ဒီကောင် လုပ်လိုက်လျှင် အဆန်းတွေချည်း။

ဒီထက်ဆန်းတာက မင်္ဂလာလက်မှတ်ရေးထိုးပြီးသည် နှင့် ကားဂိတ်သို့ဆင်းမည်။ မန္တလေးမှ မိတ္ထီလာသို့ သွားမည်ဆိုတော့

"ဒီထိတော့ ငါ နားမလည်နိုင်တော့ဘူး ညို့...သူ့ဇာတိက မိတ္ထီလာလား"

"နိုး"

"ဒါဆို မိတ္ထီလာက ဘာလုပ်ဖို့ သွားတာလဲ။ ဒီက သူ့မိဘ မောင်ဘွား

တွေကို ရှောင်ချင်လို့ လား"

"နိုး"

"ဘယ်လိုလဲကွာ"

"မေးလည်း ဘာတစ်ခုမှ အဖြေရမှာ မဟုတ်တဲ့ လူတစ်ယောက်ကို မင်းမို့ လေကုန်ခံပြီး မေးနေတယ်။ အံ့သြတယ် အောင်ဒင်...ခု ငါနဲ့ သူ ကားဂိတ်ကိုဆင်းမယ်၊ မင်း လိုက်ပို့ပါ"

"ဟုတ်ကဲ့ပါခင်ဗျာ...ဘုရင်မင်းမြတ်ကြီးရဲ့ အမိန့်တော်မြတ်အတိုင်းပါ"

အောင်ဒင် မာရေကျောရေနိုင်သော ညို့ကို ခပ်ရွဲ့ရွဲ့ဖြေလိုက်သည် ။ ဟော...ကားဂိတ်သို့ ရောက်ပြန်တော့လည်း အမှတ်မရှိ ထပ်ပြောမိပြန်သည် ။

ဒါလည်း ဒီကောင်က မာရေကျောရေနိုင်တုန်းပင်။ သူတို့ နှင့် အနည်းငယ်လှမ်းသည့်နေရာ ဂိတ်ထဲတွင် ထိုင်ကာ သူတို့ ရှိရာ လှမ်းကြည့်နေသော ကောင်မလေးမှာ မျက်နှာငယ်လေးဖြင့် သူတို့ အားလှမ်းကြည့်နေရှာသည် ။

ခိုးပြေးလာသည် ဟု သာဆိုသည် ။ ကောင်မလေးတွင် ကိုယ်တွင် ဝတ်ထားသော အဝတ်အစားနှင့် လက်တစ်ဝါးစာ ပိုက်ဆံအိတ်သေးသေးလေးမှ လွဲ၍ အဝတ်အစားအိတ်လည်း မပါ၊ ကျောပိုးအိတ်လည်း မပါ။

ဟုတ်တော့ ဟုတ်နေသည် ။

"ခရီးသည် များ ကားပေါ် ပစ္စည်းတင်လို့ ရပါပြီခင်ဗျာ။ မကြာခင် ကျွန်တော်တို့ ခရီးစတင်တော့မှာ ပါခင်ဗျာ"

"ဟော...ကားထွက်တော့မယ်။ မင်းတို့ မှာ လည်း ဘာပစ္စည်းမှ အပို ပါတာမဟုတ်ဘဲ ကားပေါ်တက်တော့လေ။ ငါလည်း ခဏနေပြန်မယ်"

"ကိုယ်တက်ချင်မှ ဖြစ်တာပါ။ မင်းကိုလည်း မပြန်ပါနဲ့ လို့ ဘယ်သူက ဆွဲတားထားလို့ လဲ။ ပြန်သင့်တာ ကြာပြီ"

"မင်းကတော့လား...စေတနာနဲ့ ကို မတန်တာ"

သူ လက်သီးထောင်ပြ၍ ကြိမ်းမောင်းတော့ ဒီကောင်က ဘေးတွင် ချထားသည့် အဝတ်အစားအိတ်ကို ကောက်ကိုင်ကာ မထိတထိ ပြုံးလေသည် ။

တစ်ယောက်က အကြောခပ်မာမာ၊ တစ်ယောက်က မထုံတက်သေး။ ဒီနှစ်ယောက် ဘယ်လိုစခန်းသွားကြမည်နည်း။ တွေးကြည့်ရုံနှင့် ရင်လေးစရာ။ ဒီကောင် အခြေကျမှ မဖြေသည့် မေးခွန်းများအား ထပ်မေးရဦးမည်။

***

# အခန်း (၂)

သူ့ဘေးတွင် သူ့မျက်နှာ အရိပ်တကြည့်ကြည့်ဖြင့် လိုက်လာသည့်မိန်းကလေး (သို့မဟုတ်) သူလက်ထပ်ထားခဲ့သည့် မိန်းမလေးမှာ ပါလာပေမယ့် ညို့တေးသံ လှည့်မကြည့်။ တုံ့ပြန်မကြည့်။

ဘာရယ်မဟုတ်၊ ညာရယ်မဟုတ် ပြောင်းလဲသွားခဲ့သည့် ကိုယ့်အခြေအနေကို နည်းနည်းကလေးမှ လက်မခံနိုင်။

ကိုယ့်ကို အစဉ်သဖြင့် ကြည့်နေသော သူမကို တုံ့ပြန်ကြည့်ချင်စိတ်မရှိသဖြင့် လက်နှစ်ဖက်ကို ခပ်တင်းတင်းပိုက်လျက် မျက်လုံးစုံမှိတ်၍ ကားပေါ်တွင် ပါလာသည် ။

Express ကားမဟုတ်ဘဲ ဟီးနိုးပုံစံကားက Express ကားလောက် ဖင်ထိုင်ခုံတွေက မကျယ်။ Express ကားလိုလည်း သက်သောင့်သက်သာမဖြစ်။

ထိုင်ခုံတွေက မြင့်ကာ ဘေးတွင် ကိုင်စရာလက်တန်းတွေမပါ။ ထိုင်နေရတာက ကားအမိုးနှင့် ထိလုထိခင်ဆိုတော့ အရပ်ကလန်ကလားနှင့်ဖြစ်သော ညို့မှာ ဤကားပေါ်တွင် ဒုက္ခအကြီးအကျယ် ရောက်ရပါသည် ။

ကိုယ့်အရပ်ရှိသည့်အတိုင်း ခုံပေါ်တွင် ထိုင်လျှင် အမိုးနှင့်ကွက်တိထိနေသည် ။ အနည်းငယ်လွတ်အောင် ခြေထောက်ကို ရှေ့ဘက်ခုံအော

က်သို့ ကွေးထည့်ကာ လူအနည်းငယ် လျှောထိုင်မှ သာ အမိုးနှင့် တစ်ထွာသာသာ လွတ်တော့သည် ။

ဒီတော့ သူများ တွေလိုတော့ သက်သောင့်သက်သာမဖြစ်တာတော့ အမှန်ပင်။

ကွေးထားသည့် ကိုယ်ပေါ်တွင် လက်နှစ်ဖက် ပိုက်၍ မျက်လုံးမှိတ်ထားလေရာ တစ်ခါတစ်ခါ ကားလှုပ်တာ၊ ကားခုန်တာတွေကြောင့် ကျောဘက်က စူးအောင့်နေတတ်သည် ။

"ဆရာ...ဖြစ်ရဲ့ လားဟင်"

တိုးညက်သော မေးခွန်းကြောင့် ညို့မျက်လုံးတွေ ဖျတ်ခနဲပွင့်သွားသည် ။ သူ့ဘေးတွင် သူ့ကို စိုးရိမ်တကြီးကြည့်နေသောသူမနှင့် အကြည့်ချင်းဆုံသွားသည် ။

သူနှင့် အကြည့်ချင်းဆုံသွားသောအခါ သူမက မျက်လွှာကမန်းကတန်းချကာ...

"ဟို...ဟိုလေ...ဆရာ ထိုင်လို့ အဆင်မပြေရင် ခြေထောက် ဒီဘက်တိုးထားပါလား ပြောမလို့ ပါ"

ဟု လည်း မပွင့်တပွင့်ပြော၏။ ပြောရလျှင် သူ့ကိုဖြေရှင်းချက်ထုတ်ခြင်း ဖြစ်သည် ။ သူက တွန့်ကွေးထားသော မျက်မှောင်နှင့် နှုတ်ခမ်းကို ခပ်တင်းတင်းစေ့၍ လှည့်ကြည့်လိုက်ခြင်းကြောင့် မဟုတ်လား။

အမှန်အတိုင်းပြောရလျှင် သူမ ပြောသကဲ့သို့ ယခုအနေအထားသည် သက်သောင့်သက်သာ လုံးဝမရှိပေ။

မိတ္ထီလာလည်း ရောက်ရော လူလည်း ခါးကိုက်၊ ခါးမျက် တန်းဖြစ်

တော့မည်။

ရှေ့ခုံတန်းအောက်တွင် ခြေထောက် ထိုးထိုင်တော့ တစ်ခါတစ်ခါ ဒူးက ကားခုံနှင့်ဆောင့်မိတတ်သည် မဟုတ်လား။

သို့သော်…

"ရတယ်…ငါ့ကို စိတ်မပူနဲ့ ၊ မင်းကိုယ်မင်း ပူ"

"……..."

"မနေ့ကလည်း မင်း ကောင်းကောင်း အိပ်မပျော်ထားဘူး မဟုတ်လား။ ခု…ကားပေါ်ရောက်တုန်း အိပ်လိုက်၊ ဟိုရောက်တာနဲ့ လုပ်စရာ အလုပ်တွေ ရှိသေးတယ်"

မနေ့ညက သူမ အခန်းထဲက တလှုပ်လှုပ်ဖြစ်နေသည့် အသံကို ကြားရသည် ။

အောင်ဒင်က သူနှင့် သူမကို တစ်ခန်းတည်းစီစဉ်ပေးခဲ့သော်လည်း ကိုယ့်အကြောင်းကိုယ်သိသည့် သူတို့ နှစ်ယောက်ကတော့ တစ်ခုတင်လည်း မအိပ်ဖြစ်ခဲ့ကြပါ။

ခုတင်ပေါ်တွင် ပုံ့ပုံ့လေး ထိုင်နေသည့် သူမ နံဘေးက စောင်နှင့် ခေါင်းအုံးယူလိုက်သော သူ့ကို မဝံ့မရဲကြည့်နေခဲ့သည် ။

သူလည်း ဘာမှ မပြော။ တံခါးဝရောက်မှ သာ သူမဘက်သို့မလှည့်ဘဲ…

"ငါ အပြင်ဘက်မှာ ရှိနေမယ်။ တစ်ခုခုလိုအပ်ရင် ငါ့ကိုလှမ်းခေါ်လိုက်"

ဟု ပြောလိုက်သည် ။

ထို့ကြောင့် အခန်းထဲက အိပ်မပျော်သော လှုပ်ရှားသံအချို့ကို သူ ကြားခဲ့ရခြင်းဖြစ်သည် ။

သူမသည် ကားပေါ်က လူတန်းစားအလွှာ အသီးသီးကို မဝံ့မရဲကြည့် ကာ...

"ဘယ်လိုလုပ်အိပ်ပျော်မှာ လဲ"

ခပ်ဆူဆူဖြစ်သွားသော နှုတ်ခမ်းကို တစ်ချက်လှမ်းကြည့်လိုက်သည် ။

သူများ တွေလို ရောင်စုံဆေးမကူထားသည့် နှုတ်ခမ်းပါးတွေက နှင်းဆီဖူးနှင့် မတူပေမယ့် ပန်းနုရောင်ဖျော့ဖျော့ ပွင့်ဖတ်လေးနှင့်တူသည် ။

"ကားကလည်း လှုပ်လိုက်တာ အရမ်းပဲ။ ပြီးတော့ ဟိုမှာ မတ်တတ် ရပ်နေတဲ့ သူတွေနဲ့ ဘယ်လိုလုပ်အိပ်ပျော်မှာ လဲ"

ဟု ခပ်တိုးတိုးပြော၏။

"ဒါကတော့ ကိုယ်ပိုင်ကား စီးနေတာမှ မဟုတ်ဘဲ မြက်ဖျားနှင်း၊ မင်း အများ ပိုင်ကား စီးနေရင် အများ နဲ့ လိုက်လျောညီထွေတော့ နေတ တ်ရမှာ ပေါ့"

"........."

"အိပ်တတ်တာ၊ မအိပ်တတ်တာ...မင်း  သဘောပဲ။ ငါကတော့ အိပ် ရဦးမယ်။ မနေ့ညက တစ်ညလုံး ကောင်းကောင်း မွန်မွန်အိပ်ခဲ့ရတာ မ ဟုတ်ဘူး "

ဟုတ်တယ်လေ။

သူမ တစ်ညလုံး အိပ်မပျော်ခဲ့သလို သူကလည်း အိပ်ပျော်နေခဲ့တာမ

ဟုတ်။

အများ သတ်မှတ်ထားသကဲ့သို့ မင်္ဂလာဦးညမို့ ရင်ခုန်စိတ်လှုပ်ရှားပြီး အိပ်မပျော်တာမဟုတ်။

ကိုယ့်ဘေးနားတွင် တဝီဝီပြေးလွှားနေသည့် ခြင်များကို လက်နှင့် လိုက်ရိုက်ရင်း သိုင်းကျင့်နေရသောကြောင့် ဖြစ်သည် ။

ဒီလောက် တဖတ်ဖတ်လိုက်ရိုက်နေသည့်ကြားမှ မိအောင်ကိုက်တတ်သော ခြင်တွေကိုလည်း ချီးမကျူးချင်ဘဲ ချီးကျူးလိုက်သည် ။

မန္တလေး၏ ပြယုဂ်ဖြစ်သော မြင်းနှင့် ခြင်ထူပေါခြင်းကတော့ ပြောစမှတ်တွင် လောက်ပါရဲ့ ။ စောင်ခေါင်းမြီးခြုံထားသည့်ကြားမှ တဝီဝီမြည်နေသော ခြင်တို့ ၏ အော်သံများမှာ မကြားချင်မှ အဆုံး။

တစ်ညလုံး ကောင်းကောင်း မွန်မွန် မအိပ်ခဲ့ရလို့ စိတ်တိုရတာက တစ်မျိုး၊ ကိုယ့်ဘေးတွင် ဘယ်တုန်းကမှ ရင်းနှီးမှုမရှိခဲ့သော မိန်းကလေးကို ဇနီးတစ်ယောက်အဖြစ် တော်စပ်ခဲ့ရခြင်း အစရှိသဖြင့် အတွေးပေါင်းစုံ ရှိနေလေသည် ။

မျက်နှာတွင် မူ ကိုယ်တွေးလိုက်သည့်အတိုင်း ကောက်ကြောင်းတွေက ရှုပ်ယှက်ခတ်နေသည် ။

သူမ အိပ်နေသလား၊ မအိပ်နေသလား ဘေးသို့ မကြည့်တော့။

လူတန်းစားပေါင်းစုံ ရှုပ်ယှက်နေသည့် လူတို့ ၏ အနံ့အသက်များ ၊ ကားပေါ်တွင် ဝမ်းဗိုက်ထဲတွင် သာမက ခေါင်မိုးပေါ်တွင် တင်ထားသည့် အမျိုးအစားစုံလင်လှသည့် ပစ္စည်းပစ္စယတို့ ၏ အနံ့အသက်နှင့် ဆန့်ကျင်စွာ သူမဘက်က သူ့ဘက်ဆီသို့ လွင့်ပြန်လာသော ရနံ့က ခပ်ဖျော့ဖျော့ သင်းသည့် ရနံ့။

မိန်းကလေးတွေနှင့် ဘယ်တုန်းကမှ ရင်းနှီးခဲ့သူ မဟုတ်သဖြင့် ထိုရနံ့သည် ခေါင်းလိမ်းဆီကထွက်သည့် ရနံ့လား၊ ကိုယ်ပေါ်က ထွက်လာသည့်ရနံ့လား...သူ့အတွက် မသဲကွဲ။ ထိုလောက်ထိ သူမနှင့်သူ စိမ်းလွန်းခဲ့ပါသည် ။

ဖြစ်ပျက်ခဲ့သမျှ ပြန်စဉ်းစားကြည့်တော့ ဘယ်သူ့ကိုမှ အပြစ်တင်လို့ တင်ရမှန်းမသိ။

***

# အခန်း (၃)

"ဒါဆို မင်း မပြန်ဖြစ်ဘူးပေ့ါ"

"ဆိုပါတော့...အဲဒါကြောင့်လည်း ကျွန်တော် ခဏတဖြုတ် ခြေရာဖျောက်ချင်နေတာ။ ကျွန်တော်သာ မပြန်ရင် သူတို့ ကျွန်တော့်နောက်ကို လိုက်လာကြလိမ့်မယ်။ ခုထက်ထိ အဲဒီအခြေအနေကို ကျွန်တော် ရင်မဆိုင်ချင်သေးဘူး ကိုစိုးရာ"

"အင်း...ငါလည်း ဘယ်လိုဖြေသိမ့်ပေးရမလဲ...မသိဘူး ညို့ရာ။ အရင်တုန်းက ဦးမိုးသောက်ပုံစံက အဲဒီလိုမဟုတ်ပါဘူး"

"ဘယ်ဟုတ်မလဲဗျာ...ကျားဆိုတဲ့ သတ္တဝါက အရင်ဦးဆုံး လက်သည်းဝှက်ထားဦးမှာ ပေ့ါ။ ခု သူ့ဇာတိအမှန်ကို လှစ်ဟပြပြီလေ"

ညို့တေးသံထံမှ နာကြည်းသောစကားသံက ခပ်ကြိတ်ကြိတ်ထွက်ပေါ်လာသည် ။

ကိုစိုးက ညို့ပခုံးကို အသာလှမ်းပုတ်ကာ...

"ဒါတွေထားလိုက်ပါဦး၊ ဟိုကတိုက်ကို မင်း ဘယ်လိုလုပ်ပြီး ထားခဲ့တာလဲ"

(၇၂)လမ်းတွင် ရှိသော တိုက်ကိုမေးခြင်း ဖြစ်သည် ။ ညို့ ကြိမ်ကုလားထိုင်ပေါ်တွင် ပက်လက်လှဲထိုင်ကာ...

"သူငယ်ချင်းတွေနဲ့ ခရီးထွက်သွားမယ်ဆိုပြီး ထွက်ခဲ့တာပေ့ါ။ ဒါ တောင် ခြံစောင့်ဦးထော်က ဦးမိုးသောက်ရဲ့ လူယုံကြီးပီသပါပေ့ ကိုစိုး၊ ကျွန်တော် အောင်ဒင့်ဆီသွားတာဟုတ်မဟုတ် နောက်ကနေ လိုက်ချောင်းနေတာ။ အောင်ဒင်တို့ က တကယ်ခရီးထွက်သွားကြတာ။ ကျွန်တော် ကသာ အောင်ဒင့်အိမ်နောက်ဘက်ကနေ ပတ်ထွက်ခဲ့တာ"

ကိုစိုးက သူ့စကားကို ဂရုတစိုက် နားထောင်နေသည် ။

ကိုစိုးသည် သူနှင့် ညီအစ်ကို (၂)ဝမ်းကွဲခန့်တော်သော်လည်း အသက်အရွယ်က တစ်နှစ်၊ နှစ်နှစ်ခန့်သာ ကွာသဖြင့် သူငယ်ချင်းလိုလည်း ခင်လို့ ရသည် ။

ညီအစ်ကို တော်စပ်နေသဖြင့် သူ၏ အိမ်တွင်းရေးကိုလည်း ပြော၍ ရသည် ။ ပြောလို့ ရတာကလည်း တခြားကြောင့်မဟုတ်ပါ။ ကိုစိုးသည် သူ့မိခင်ဘက်မှာ တော်သော အစ်ကိုဖြစ်သောကြောင့်တည်း။

"ဒါနဲ့ အောင်ဒင် ပြန်လာတဲ့ အခါ ဦးထော်က မင်းအကြောင်း မမေးဘူးတဲ့ လား"

"မေးလည်း ကျွန်တော် ဘယ်သွားမယ်ဆိုတာ အောင်ဒင်မှ မသိတာ"

"အကယ်၍ ငါ့အိမ်ကို ညွှန်ပြလိုက်လို့ ဦးထော် ရောက်လာရင်ကော"

"ဒီကောင် ညွှန်ပြမှာ မဟုတ်ဘူး ...စိတ်ချ"

သူက ခိုင်မာစွာ ပြောနေတော့လည်း ကိုစိုးက ဘာမှ စကားမပြောတော့ပေ။

နောက်တော့ ဟိုအကြောင်း၊ ဒီအကြောင်း ပြောဖြစ်ကြသည် ။ ဟိုအကြောင်း၊ ဒီအကြောင်းဟု ဆိုရာတွင် လည်း သူ့မိသားစုအကြောင်းသာ ဖြစ်သည် ။

"ဒါနဲ့ ဟိုဘက်ခြံက လူသစ်တွေ ပြောင်းလာတာလား ကိုစိုး"

စကားပြောနေရင်း လူတွေ၏ လှုပ်ရှားမှုကို မြင်နေရသော တစ်ဖက်ခြံသို့ လှမ်းကြည့်ရင်း မေးလိုက်သည် ။

"ဟုတ်သား...မင်းတောင် ဒီမလာဖြစ်တာ တစ်လလောက်ကြာပြီပဲ၊ ဘယ်သိမလဲ...သူတို့ ပြောင်းလာတာလည်း တစ်လနီးပါးတော့ ရှိတော့မယ်။ ဒါပေမဲ့ ငါနဲ့ ခုထိ စကားတစ်ခွန်းမှ မပြောဖြစ်သေးဘူး"

"ဟုတ်လား"

"အေး...ငါလည်း အစကတော့ အသစ်ရောက်လာတဲ့ သူတွေဆိုတော့ ဘာအကူအညီပေးရကောင်းမလဲဆိုပြီး မေးကြည့်သေးတယ်"

"အဲဒါနဲ့ တောင် မရင်းနှီးသေးဘူးလား"

"ဘယ်ကသာ...အဲဒီလို သွားမေးတာကိုတောင် ဘယ်လိုတုံ့ပြန်တယ်မှတ်လဲ"

"ဘယ်လိုတုံ့ပြန်လို့ လဲ"

ကိုစိုး၏ မျက်နှာက တစ်မျိုးဖြစ်နေသဖြင့် ညို့တေးသံ စိတ်ဝင်တစားနှင့် မေးလိုက်သည် ။

ကိုစိုးတို့ မိသားစုက ဤရပ်ကွက်တွင်းတွင် နေခဲ့တာ ကိုစိုးတစ်သက်၊ ကိုစိုး မိဘတွေက လက်ထပ်ကတည်းကဆိုတော့ ကြာလှပေ့ါ။

ဒါကြောင့် ဒီရပ်ကွက်ထဲတွင် အပ်ကျတာကအစ ကိုစိုးတို့ မသိတာ မရှိ။ ပြီးတော့ လူမှုဆက်ဆံရေး ကောင်းမွန်သဖြင့် တစ်ရပ်ကွက်လုံးနှင့် မည်သည့်ပြဿနာမှ မရှိ။

"သူတို့ မှာ ခြေလက်တွေ ပါတယ်တဲ့ ။ ဘယ်သူ့အကူအညီမှ ယူစရာ

မလိုဘူးတဲ့ "

"ဟာ...ဒါတော့ တော်တော်ကို မိုက်ရိုင်းလွန်းတာ။ လူမှုရေးအရ အကူညီမလိုရင်လည်း ကောင်းကောင်း ငြင်းလို့ ရတာပဲ"

"ထားလိုက်ပါတော့ကွာ...ငါတို့ ကိုယ့်တာဝန် ကိုယ်ကျေပြီပဲ။ ကဲ... မင်းလည်း နားနားနေနေ နေခဲ့ဦး။ ငါ အတန်းသွားစရာရှိသေးတယ်။ ကျောင်းသွားလိုက်ဦးမယ်။ မင်း အပြင်သွားမယ်ဆိုရင် တံခါးပိတ်ခဲ့လိုက်"

"ဟုတ်ကဲ့ ကိုစိုး"

ကိုစိုးက သူ့ကိုနှုတ်ဆက်ပြီး အဝတ်အစားလဲကာ တက္ကသိုလ်သို့ သွားသည် ။ ကိုစိုးသည် တက္ကသိုလ်မှ ဆရာတစ်ယောက်ဖြစ်သည် ။

ဓာတုဗေဒမေဂျာမှ ဆရာတစ်ယောက်ဖြစ်သော ကိုစိုးက အိမ်တွင်လည်း ဓာတုဗေဒစာကျက်ဝိုင်းများ ဖွင့်ထားသဖြင့် တစ်နေကုန် အလုပ်နှင့်လက် ပြတ်သည် မရှိပါ။

လောလောဆယ် ဘယ်မှ သွားစရာ၊ လာစရာ မရှိသော ညို့အဖို့ ငြိမ်ပြီး ထိုင်နေရတာက ပျင်းစရာကောင်းလှသည် ။

ထို့ကြောင့် ဆက်ဆံရေးကျဲလှသည် ဆိုသော ခြံဘက်သို့ လှမ်းကြည့်အကဲခတ်လိုက်သည် ။

ထိုခြံသည် RC နှစ်ထပ်တိုက်ပုံတုံး ဖြစ်ရသည့်ကြားထဲ နှစ်ရှည်လများ လူမနေသဖြင့် ချုံနွယ်ပိတ်ပေါင်းတို့ ဖြင့် ထူထပ်နေသော ခြံ ဖြစ်ပါသည် ။

လူအသစ်တွေ ပြောင်းရွှေ့လာသော်လည်း လူရိပ်လူယောင် တစ်ခါတလေ တွေ့သည် မှ အပ အိမ်ကြီးသည် နဂိုမူလအတိုင်း

ချုံနွယ်ပိတ်ပေါင်းတို့ ထူထပ်ဆဲ။

ကိုစိုး၏ ခြံနံဘေး ပုဏ္ဏာရိပ်တန်းခုံဘေးတွင် လမ်းလျှောက်ရင်း စူးစမ်းစပ်စုနေခြင်း ဖြစ်သည် ။

"ဟင်"

တစ်ဖက်အိမ်သို့ ကွက်ကြည့်ကွက်ကြည့် လုပ်လာသော ညို့မှာ မြင်လိုက်ရသောအရာကြောင့် ခြေလှမ်းတွေ တုံ့ခနဲရပ်တန့်သွားသည် ။

အမျိုးသမီးနှစ်ယောက်…။

ရှင်းရှင်းပြောရလျှင် ဘီးတပ်ကုလားထိုင်ပေါ်တွင် ထိုင်နေသော အမျိုးသမီးတစ်ယောက်နှင့် ဘီးတပ်ကုလားထိုင်နောက်တွင် ဘီးတပ်ကုလားထိုင်ကို တွန်းလာသည့် အမျိုးသမီးတစ်ယောက်။

အမျိုးသမီး (၂)ယောက်သည် ရုပ်ရည်ရူပက ခပ်ဆင်ဆင်မို့ ညီအစ်မဖြစ်ကောင်းဖြစ်နိုင်သည် ။ သားအမိဟု ပြောရလောက်အောင် အသက်အရွယ်က သိပ်မကွာလှသည် ။

ဘီးတပ်ကုလားထိုင်ပေါ်တွင် ထိုင်နေသော အမျိုးသမီးသည် အသက်(၃၀) ဝန်းကျင်ခန့်ဖြစ်ပြီး ဘီးတပ်ကုလားထိုင်၏ နောက်ဘက်တွင် ထိုင်နေသော အမျိုးသမီးမှာ မူ အသက်(၂၀) စွန်းစွန်းသာဖြစ်သည် ။

သူမတို့ (၂)ယောက်သည် သူ့နည်းတူစွာ ခြံနံဘေးတစ်လျှောက်တွင် လာနေခြင်းဖြစ်ရာ သူမတို့ ၏ စကားသံများကို ကြားနေရသည် ။

သူ့ကိုတော့ သတိမထားမိကြ။ သူမတို့ ၏ စကားတွင် သူမတို့ အာရုံရောက်နေခြင်းဖြစ်သည် ။ သူက သူမတို့ (၂) ဦးအား ဂရုတစိုက်ကြည့်နေမိတာမို့ သူမတို့ ၏ စကားသံများကို ကြားနေရသည် ။

"ညီမလေးကို မမ ဒီအိမ်မှာ နေခိုင်းဖို့ စိတ်မချတော့ဘူးကွယ်"

"စိတ်မချလို့ ညီမလေးက ဘယ်ကိုသွားရမလဲ မမရယ်။ ဒီအိမ်ထဲမှာ ရင်ဆိုင်နေရတဲ့ ပြဿနာက ပြင်ပလောကမှာ ရင်ဆိုင်နေရတဲ့ ပြဿနာလောက် ကြောက်စရာမကောင်းဘူးလို့ ထင်တာပဲ"

"ညီမလေးရယ်"

အမျိုးသမီးကြီးဆီက သက်ပြင်းချသံနှင့်အတူ...

"ဟင်...မမ ဟိုမှာ ...လူ...လူ"

"ဘယ်မှာ လဲ...ဟိုဘက်ခြံမှာ လေ"

ထိတ်ထိတ်ပျာပျာနှင့် ကိုယ့်ကို လက်ညှိုးထိုးပြလိုက်ခြင်းမို့ ညို့ ရှောင်၍ မဖြစ်တော့ပေ။ သူမတို့ (၂)ယောက်စလုံး၏ မျက်နှာမှာ ကြည်လင်နေရာမှ ထိတ်လန့်တုန်လှုပ်သော ဟန်ပန်သို့ တစ်မုဟုတ်ချင်း ပြောင်းလဲသွားကာ...

"မင်း...မင်း...မင်း..ဒီမှာ ဘာလုပ်နေတာလဲ"

"ဟောဗျာ"

ကိုယ့်ခြံထဲမှာ ကိုယ် ရပ်နေသူအား မင်း ဘာလုပ်နေသလဲမေးသော မေးခွန်းမှာ အတော်ဂွကျသောမေးခွန်းဖြစ်သည် ။

"မမ"

"ဟင်"

"သူက ကိုကိုကြီးပြောတဲ့ ကျောင်းဆရာလားမသိဘူး"

ညီမဖြစ်သူက အစ်မဖြစ်သူနားသို့ ခေါင်းကိုငုံ့ချ၍ ပြောလိုက်ခြင်းဖြစ်သည် ။ နားပါးသော ညို့က ထိုစကားကို ကြားဖြစ်အောင် ကြားလိုက်

ရပါသည် ။

"ဒီလိုပါ ဆရာရယ်...အဲဒီနေ့က"

"မြက်...ဖျား...နှင်း"

"ဟင်...မမ"

"ဒုက္ခပါပဲ"

ကျားတစ်ကောင်၏ ဟိန်းသံကဲ့သို့ ထွက်ပေါ်လာသော အော်သံနက်နက်ကြီးကြောင့် သူမတို့ (၂)ယောက်နည်းတူ သူတောင် ထိတ်လန့်သွားခဲ့သည် ။

သူမတို့ သည် သူ့ကိုနှုတ်မဆက်ဘဲ စိုးရိမ်တကြီး ထွက်သွားကြသည် ။

သူကသာ အိမ်ကြီးဆီသို့ စူးစမ်းသောအကြည့်ဖြင့်သာ...

***